

ဆယ်စုနှစ်နှင့်ချီသောစစ်ပွဲများနှင့် သဘာဝသယံဇာတများကို ရေတို အမြင်ဖြင့်တူးဖော်ထုတ်ယူကြခြင်း ကြောင့် မြန်မာနိုင်ငံ၏ ရေစီးရာလမ်း ကြောင်းများနှင့်မြေများပျက်စီးခြင်း၊ သစ်တောများ ခုတ်လှဲခံရခြင်း၊ မြေ လှန်တူးထုတ်ခံရခြင်း၊ ရေလွှမ်းမိုးခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း များကိုဖြစ်စေသည်။ သဘာဝအရင်း အမြစ်ကြွယ်ဝသော တိုင်းရင်းသား ပြည်နယ်များမှာ သဘာဝပတ်ဝန်း ကျင်ပျက်စီးမှုဒဏ်ကိုခံစားနေရ သည်။ သူတို့ဘဝရပ်တည်ရေး၊ နိုင်ငံ အရေးနှင့် အနာဂါတ်များကိုပါ ခြိမ်း ခြောက်ခံနေရသည်။ ဆက်လက်ဖြစ် ပွားနေသောလက်နက်ကိုင်ပဋိပက္ခ များကြောင့် ထောင်ပေါင်းများစွာ အိုးမဲ့ အိမ်မဲ့ ဖြစ်ရသည်။ တိုင်းရင်း သားများအခြေခံတောင်းဆိုချက် ဖြစ်သည့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာနိုင်ငံ ရေးအရ ဆွေးနွေးမှုမရှိသောကြောင့် လစ်လျူရှုခံနေရသည်။

ချုပ်ကိုင်သောဗဟိုအစိုးရသည် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ သဘာဝအရင်းအမြစ် များကို ပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်ခွင့်နှင့် စီမံခန့်ခွဲခွင့်အာဏာရှိသည်။ လူထု အနေဖြင့် ဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြောဆိုပိုင်ခွင့်ပါ တားဆီး ခံနေရသည်။ စစ်တပ်နှင့် ဗဟိုအစိုးရ က ဘဏ္ဍာငွေအမြောက်အများ ရယူ နေချိန်တွင် ဒေသခံလူထုမှာ အကျိုး မခံစားရပေ။

အဖြေ ?

# သဘာဝအရင်းအမြစ်နှင့် ဖက်ဒရယ်စနစ်

## ဗဟိုချုပ်ကိုင်မှုလျှော့ချသော သဘာဝရင်းမြစ်အမွေအနှစ် ခွဲဝေစီမံအုပ်ချုပ်မှုလမ်းပြမြေပုံ



အချိန်အရေးပါမှုနှင့်၊ တစ်ဆင့်ချင်း လုပ်ရပ်များ၏ အကျိုးဆက်တို့ သည် ရေရှည်ငြိမ်းချမ်းရေးအတွက် အားကောင်းစေသည် သာမက ရေ ရှည်စီးပွားရေးဖွံ့ဖြိုးမှုကိုပါအထောက် အကူပြုပါလိမ့်မည်။

ok - Burmese BEWG briefer.indd 1 10/10/2017 11:37:09 AM

# ဗဟိုမှထိန်းချုပ်ထားသော သဘာဝအရင်းအမြစ်များ

ထိခိုက်ခံရသည့် ပြည်သူများမှာ စီမံကိန်းများကို တားဆီးခွင့် (သို့) သဘောတူခွင့် မရရှိပေ။



## သစ်တော

မြန်မာပြည်သည် ကမ္ဘာတွင် သစ်ခုတ်လှဲမှု အမြင့်ဆုံး နိုင်ငံတခုဖြစ်သော်လည်း ဒေသခံ ဝန်ကြီးများက တားဆီးနိုင်သော အာဏာ မရှိပေ။ သစ်ထုတ်လုပ်ခွင့်ကို မြန်မာ့ ဦးပိုင်လီမိတက် နှင့် ခရိုနီ ကုမ္ပဏီများက ချုပ်ကိုင်ထားသည်။ မြေယာ ထိန်းသိမ်းသည့် နယ်မြေတွင် မြေငှါးချထားခြင်းကို ကျင့်သုံးလုပ်ကိုင်သည်။



## မြေယာ

မြေယာသိမ်းဆည်းခြင်းကို နိုင်ငံတစ်ဝှမ်းလုပ်နေသည်။ လျော်ကြေးပေးသည့် ဥပဒေ မရှိပေ။ လက်ငုတ်လုပ်ကိုင်နေသည့်လယ်ကို အသိအမှတ်မပြုပေ။ လက်ရှိ မစိုက်ပျိုးပါက ပြည်ထောင်စုအဆင့်နေဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဟု သတ်မှတ်ကာ မြေယာထိန်းသိမ်းရေး ဥပဒေ အရသိမ်းယူနိုင်သည်။



## ရေ

ဗဟိုအစိုးရက ရေအားလျှပ်စစ်ထုတ်ရန် ရေကာတာကြီး ၅၀ ဆောက်ရန်စီမံနေသည်။ မီဂါဝပ် ၃၀၀၀ မှ ၄၅၀၀၀ အထိထုတ်လုပ်နိုင်သည့် ရေကာတာများ ဖြစ်သည်။ ထိုရေကာတာတို့က တိုင်းရင်းသားနယ်မြေရှိ လယ်မြေများကိုရေနစ် မြုပ်စေပြီး အိုးအိမ်များဆုံးရှုံးရသည်။ ရရှိမည့်လျှပ်စစ်ဓါတ်အား အများစုမှာ နိုင်ငံခြား ကိုရောင်းစားရန်ဖြစ်သည်။ ပြည်နယ်အစိုးရ အနေဖြင့် မီဂါဝပ် ၃၀ ထက်ပို ကြီးသော လျှပ်စစ်ဓါတ်အားစက်ရုံကို ဆုံးဖြတ်ပိုင်ခွင့် အာဏာ မရှိပေ။



## ကျောက်မီးသွေး

ကျန်းမာရေးနှင့် ရာသီဥတုကို ထိခိုက်နိုင်သည့်တိုင် အမျိုးသား စွမ်းအင် ဌာနက ၁၅ နှစ်အတွင်း ကျောက်မီးသွေးမှ လျှပ်စစ် ၂၈% တိုးထုတ်ရန်ရည်မှန်းထား သည်။ ဗဟိုအစိုးရသည်သာ ထောက်ခံခြင်း ကန့်ကွက်ခြင်းလုပ်နိုင်သည်။



## ကျောက်စိမ်း

စစ်တပ်ထိပ်ပိုင်းဗိုလ်ချုပ်ကြီးများနှင့် ဗဟိုအစိုးရက ၂၀၁၄ ခု တစ်နှစ်အတွင်း မှာပင် ကျောက်စိမ်းမှ ခန့်မှန်းခြေ ဒေါ်လာ ၃၁ ဘီလီယံ ဘဏ္ဍာငွေရရှိကြသည်။ ကျောက်စိမ်းတွင်းအများစုမှာ တပ်မတော်က ထိန်းချုပ်ထားသည်။ လိုင်စင် ထုတ်ပေးခြင်း၊ ရောင်းခြင်း၊ ကုန်သွယ်ခြင်းတို့ကို ပြည်ထောင်စုမှ ချုပ်ကိုင်သည်။




## ရေနံနှင့် ဓါတ်ငွေ့

မြန်မာပြည်မှ ထွက်သည့်ရေနံနှင့် ဓါတ်ငွေ့ ၈၀% ကို ပြည်ပပို့သည်။ ဒေါ်လာ ဘီလီယံချီရသည့် ဘဏ္ဍာငွေကို မည်သို့စီမံသည်မသိရ၊ မျက်ကွယ်ပြုနေသည်။ ရခိုင်ပြည်နယ်မှ ထွက်ရှိသော ရွှေဂါတ်စ်မှာ ဝင်ငွေများစွာ ရနေသော်လည်း ရခိုင်ပြည်နယ်သည် ဒုတိယ အဆင်းရဲဆုံးပြည်နယ် ဖြစ်နေဆဲ ဖြစ်သည်။

ok - Burmese BEWG briefer.indd 2 10/10/2017 11:37:12 AM

# ဗဟိုကထိန်းချုပ်သည့်အာဏာ တည်ဆောက်ပုံများ


## မည်သူက ဆုံးဖြတ်ပိုင်ခွင့်နှင့် မည်သူက အကျိုးခံစားမည်ကို ကန့်သတ်ခြင်း





ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားတို့ တောင်းဆိုသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ အားလုံးသော သဘာဝအရင်းအမြစ်၏ အဓိက ဘဏ္ဍာငွေနှင့် အားလုံးသော သဘာဝ အရင်း အမြစ်ကိုပြည်ထောင်စုအဆင့်မှ ထိန်းချုပ်သည်၊ ပြည်နယ်နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ခွင့်ကို အနည်း အကျဉ်း မျှသာပေးပြီး ဥပဒေဖြင့် ကန့်သတ်ထားသည်။ ဒေသအဆင့် ရွေးချယ်ခံဝန်ကြီးများဌာနအတွက် ခွင့်ပြု မထားပေ။




စစ်တပ်သည် ဥပဒေပြု အမျိုးသားလွှတ်တော်တွင် နေရာ ၂၅% ယူထားပြီး ပြည်နယ်နှင့် တိုင်းလွှတ်တော်တွင် နေရာ ၂၅% ယူထားသည်။ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများကို စစ်တပ် ကိုယ်ပိုင်စီးပွါးရေးအတွက် ချုပ်ကိုင်ထားကာ ဥပဒေပြင်ဆင်ရေးကို ဗီတိုအာဏာနှင့် ပယ်ချနိုင်သည်။ အရပ်ဘက်အုပ်ချုပ်ရေး အပြင်ဘက်တွင် တည်ရှိသည့် ဌာနအားလုံးတို့သည် အပြစ်ရှိပါက အရေးယူခံရခြင်းမှ ကင်းလွတ်သည်။



မြန်မာအရင်းအနှီးမြှပ်နှံမှု ကော်မစ်ရှင်ကို အရင်းအနှီးမြှပ်နှံမှုစီမံချက်များအတွက် လုံးဝ အာဏာပေးထားကာ လွှတ်တော်က အကန့်အသတ်ဖြင့်ထိန်းကျောင်းခြင်းကိုသာလုပ်ဆောင်ရသည်။ အရင်းအနှီးမြှပ်နှံမှုအ တွက် ဆုံးဖြတ်ရာတွင် ပြည်နယ်နှင့်တိုင်းတို့ ပါဝင်နိုင်သည့် မူဘောင်မရှိပေ။ ၂၀၁၆ ခုနှစ် အရင်းအနှီးမြှပ်နှံမှု ဥပဒေတွင် နိုင်ငံခြားသားများကို အနှစ် ၅၀ သို့မဟုတ် ထိုထက်ပို၍ တောခေါင်သည့်ဒေသများတွင်အငှါးချနိုင်သည်ဟု ခွင့်ပြုထားသည်။



စွမ်းအင် မူဝါဒကို နိုင်ငံတကာ အေဂျင်စီများ၊ ဘဏ်များ နှင့် ကုမ္ပဏီတို့ထံမှ လာသည်။ လူ့အဖွဲ့အစည်း စီမံခန့်ခွဲရေး၊ ကျေးလက် ဒေသမီးရရှိရေး မဟုတ်ဘဲ အစိုးရ ဘဏ္ဍာငွေရရှိရေးကို ဦးစားပေးလျက် ဗဟိုမှ ချုပ်ကိုင်ရေးနှင့် ပြည်ပရောင်းရေးကို လုပ်ဆောင်သည်။ စိုက်ပျိုးရေးအခြေခံသည့် စီးပွါးရေး အပေါ် စက်မှု လက်မှု ထွန်းကားရေးကို လုပ်ဆောင်နေသည်။ ရေမြေကို ဖျက်ဆီးတတ်သော ရေအားလျှပ်စစ်စီမံကိန်းတို့သည် တိုင်းရင်းသားဒေသများတွင် အဓိကရှိနေသော်လည်း တိုင်းရင်းသားများမှာ ထွက်ရှိသည့်လျှပ်စစ်စွမ်းအင်အားလုံး၏ ၁၀ % လောက်သာ သုံးစွဲကြရသည်။ ၆၅% အထက် စွမ်းအင်တို့မှာ မြို့ပြများသို့ ပို့ဆောင်ရာတွင် ပျောက်ဆုံးသွားခြင်း ဖြစ်နိုင်သည်။




၂၀၁၆ ခုနှစ် လွှတ်တော်ထဲတွင် အမျိုးသမီး ကိုယ်စားလှယ် ၁၄.၅% သာရှိပြီး ၂၀၁၅ ခုနှစ် ကျေးလက် အုပ်ချုပ်ရေးမှူး ၁၃၆၀၂ ဦးတွင် ၂၉ ဦးသာ ရှိသဖြင့် ယောက်ျားကြီးစိုးသည့် စနစ်ဖြစ်နေသည်။ ဖွံ့ဖြိုးရေး အတွက် အဆုံးအဖြတ်ပေးရာတွင် ကျေးလက်အခြေပြု အမျိုးသမီးများ အများအားဖြင့် ကိုယ်စား မပြုနိုင်ကြပေ။ သဘာဝ အရင်းအမြစ် စီမံကိန်းများ၏ ထိခိုက်မှုကို အမျိုးသမီးများ မရှင်းပြနိုင်ကြပေ။

# ဖက်ဒရယ်စနစ်အခြေပြု အာဏာနှင့်လုပ်ပိုင်ခွင့်များကို အပြည့်အဝခွဲဝေလွှဲပြောင်းပေးသည့် သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု လမ်းပြမြေပုံ

| | | ကြားကာလ<br>ပြည်ထောင်စုငြိမ်းချမ်းရေးစာချုပ်<br>လက်မှတ်မထိုးခင် ချက်ချင်းလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ | နှင့် ဖက် |
|---|---|---|---|
| ပြည်နယ်/ပြည်နယ်ခွဲအစိုးရများ | ပဋိပက္ခပိုမိုပြင်းထန်လာမှုကို ကာကွယ်ခြင်း | သဘာဝအရင်းအမြစ်ဆိုင်ရာ အကြီးစားရင်းနှီးမြုပ်နှံမှုစီမံကိန်းအသစ်များနှင့် မပြီးပြတ်သေးသော စီမံကိန်းများကို ယာယီရပ်ဆိုင်းထားခြင်း- ဥပမာ<br>• မြေယာလုပ်ပိုင်ခွင့်ထုတ်ပေးခြင်းနှင့် သစ်ထုတ်လုပ်ငန်းများ<br>• မြေလှန်တူးဖော်သည့် လုပ်ငန်းများနှင့် ဆက်စပ်အခြေခံအဆောက်အအုံလုပ်ငန်းများ (တွင်းထွက်သယံဇာတ တူးဖော်ခြင်း၊ ရေကာတာများ၊ ဟိုင်းဝေးလမ်းမများ)<br>• 'အစိမ်းရောင်မြေသိမ်းမှု' အမည်ခံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများ | • အုပ်ချုပ်စီမံနိုင်မှုစွမ်း ထိန်းချုပ်ကွပ်ကဲနိုင် ပြီးပြည့်စုံမှုမရှိသည့် ယာယီတားမြစ်ချက် |
| | အခွင့်အရေးများကို ကာကွယ်ပေးခြင်း - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှုနှင့် ကာကွယ်စောင့်ရှောက်မှုကို သေချာစေခြင်း | တိုင်းရင်းသားပါဝင်ပတ်သက်သူများအနေဖြင့်<br>• မှတ်ပုံတင်ခြင်း၊ မှတ်တမ်းတင်ခြင်းအားဖြင့် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ လုံခြုံမှုကို တိုးတက်အောင်လုပ်ဆောင်ခြင်းနှင့် ရပ်ရွာပိုင်နှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုများကို သေချာခိုင်မာစေခြင်း<br>• နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများနှင့် ဒုက္ခသည်များ ပြန်လာရေးနှင့်ပတ်သက်သော ရှင်းလင်းပြည့်စုံသော မူဘောင်ကို ဖော်ထုတ်ခြင်း<br>နိုင်ငံရေးဆိုင်ရာ၊ အရပ်ဖက်အဖွဲ့အစည်း ဆိုင်ရာ၊ ရပ်ရွာအခြေပြုအဖွဲ့များမှ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုကဏ္ဍ၊ ဌာနများ ထူထောင်ပြီး အောက်ပါတို့ကို လုပ်ဆောင်ပါ။<br>• သဘာဝအရင်းအမြစ်အခြေပြုစီမံကိန်းများ၏ လည်ပတ်အကောင်အထည်ဖော်မှုကြောင့် ဖြစ်ပေါ်သောအကျိုးဆက်များကို ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း (လုပ်ပိုင်ခွင့်များ ချပေးခြင်း၊ ပြန်လည် ညှိနှိုင်း ဆွေးနွေးခြင်း(သို့) ရှိပြီးသား သဘောတူညီမှုများကို ဖျက်သိမ်းခြင်း)<br>• သိမ်းဆည်းခံမြေယာနှင့် အရင်းအမြစ်များအတွက် အစားထိုးပြန်လည်အပ်နှံခံရခြင်း/ လျော်ကြေးပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးခြင်း<br>• စီမံကိန်းကြောင့် ပျက်စီးသွားသော မြေယာများနှင့် ဂေဟစနစ်များကို ပြန်လည်ထူထောင်ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်အသက်သွင်းခြင်း | တိုင်းရင်းသားပါဝင်ပတ်<br>• မှတ်ပုံတင်ခြင်း၊မှတ် တိုးတက်အောင် လု ချာခိုင်မာ စေခြင်းတို့<br>• ဆန္ဒအလျောက် နေ အတွက် အပြည်ပြ လုပ်ဆောင်ပါ။<br>အရင်းအမြစ် စီမံခန့်ခွဲ ပြန်လည်ထူထောင်ပေး |
| | တာဝန်ခံမှုနှင့် ထိရောက်မှုကို တိုးမြှင့်ခြင်း | ရှိနှင့်ပြီးသား တိုင်းရင်းသားအခြေပြု ဌာနများ၊ အစုအဖွဲ့များအနေဖြင့်<br>• ဒေသခံပါဝင်ပူးပေါင်းမှုနှင့် ကိုယ်စားပြုမှု၊ အထူးသဖြင့် အမျိုးသမီးပါဝင်မှုကို တိုးမြှင့်လုပ်ဆောင်ပါ။<br>• တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ ယန္တရားများကို ပိုမိုအားကောင်းစေပါ။<br>• မူဝါဒများ (အဖွဲ့အစည်းတွင်း) နှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းပြီး တိုးမြှင့်ချဲ့ထွင်ပါ။<br>• စီမံခန့်ခွဲမှုနှင့် အခြားသောစွမ်းရည်များ အထူးသဖြင့် အမျိုးသမီးများ၏ စွမ်းရည်များကို တည်ဆောက်ပါ။ | ပြည်နယ်အခြေပြုနှင့် ဝ<br>• ရပ်ရွာ၊ မြို့နယ်နှင့် ပြ များနှင့် အရင်းအမြ<br>• ပြည်နယ်/ပြည်နယ် အမြစ်ဆိုင်ရာ အစီ ထည့်သွင်း အကော |
| | အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝခွဲဝေလွှဲပြောင်းပေးသည့် သဘာဝအရင်းအမြစ် ဆိုင်ရာ စီမံအုပ်ချုပ်မှု | ရပ်ရွာလူ့အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့များနှင့် လက်နက်ကိုင် အဖွဲ့အစည်းများပူးပေါင်းလုပ်ဆောင်သော ဖြစ်စဉ်များအားဖြင့်<br>• စီးပွားရေးဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များကို ရေးဆွဲပါ။<br>• နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းမှုများအတွက် မူဝါဒများကို ရေးဆွဲပါ။ | ကိုယ်စားပြုမှုဖြစ်စဉ်များ ရေးဆွဲသော ဒီမိုကရေစီ ခွဲဖွဲ့စည်းပုံအခြေခံဥပဒေ မူဝါဒများကို ချမှတ်ရေး |
| | | (နယ်ပယ်အားလုံး) | နိုင်ငံရေးအဖွဲ့၊ အ သားအဆင့်နှင့် ပြ<br>• ကဏ္ဍတိုင်းတ ရေးစသည့် ဖ ဆုံး စံသတ်မှ<br>• မကျေနပ်မှုမျ |
| နေပြည်တော်/ဖက်ဒရယ်အစိုးရ | အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝခွဲဝေလွှဲပြောင်းပေးသည့် သဘာဝအရင်းအမြစ် ဆိုင်ရာ စီမံအုပ်ချုပ်မှု | • ဒေသဆိုင်ရာ သဘာဝအရင်းအမြစ် နှင့်ပတ်သက်သော ရိုးရာဓလေ့အရ ကျင့်သုံးမှုများနှင့် မူဝါဒများကို အသိအမှတ်ပြုခြင်းနှင့် ကြားဝင်စွက်ဖက်မှုမပြုခြင်း<br>• တည်ရှိဆဲဖြစ်သော တိုင်းရင်းသားတို့၏ စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းပုံများတွင် နိုင်ငံတကာမှ တိုက်ရိုက်ထောက်ပံ့မှုကို လက်ခံခွင့်ပြုခြင်းသည် ပဋိပက္ခသဘောဆန့်ပြီးထိလွယ်ရှလွယ်သည်ကို သေချာစွာ သိရှိစေခြင်း | တရားဝင်နိုင်ငံရေး ဆို ရာနှင့် အုပ်ချုပ်စီမံမှုအ ပြည်နယ်နှင့် ပြည်နယ် ခွဲဝေပေးသည့် နိုင်ငံဝေ ဥပဒေ၊တရားဥပဒေမှ ပြန်လည်ရေးဆွဲ ပြဋ္ဌာန်း |

| အသွင်ကူးပြောင်းကာလ<br>သစ်လွင်သော တရားဝင်မှုဘောင်<br>ဒရယ်ဖွဲ့စည်းပုံများကို ရေးဆွဲဖော်ထုတ်ခြင်း | အကောင်အထည်ဖော်သည့်ကာလ<br>ဖက်ဒရယ်ဖွဲ့စည်းပုံအသစ်ကို<br>လည်ပတ်အကောင်အထည်ဖော်ခြင်း |
|---|---|
| ရည်နှင့် ဒေသတွင်းအကျိုးအမြတ်ရရှိရေးအတွက် ဒေသတွင်း<br>သည့် ရေရှည်တည်တံ့နိုင်သော ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပါ။<br>စီမံကိန်းများနှင့် အကြီးစားစီမံကိန်းသစ်များနှင့် သက်ဆိုင်သော<br>များ ဆက်လက်ပြဌာန်းထားပါ။ | သဘာဝအရင်းအမြစ်အခြေပြု ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်လုပ်ဆောင်ပါ။<br>• ပြည်နယ်/ပြည်နယ်ခွဲအစိုးရ၏တရားစီရင်ပိုင်ခွင့်အောက်တွင် ဖြစ်ရမည်။<br>• ပြည်နယ်/ပြည်နယ်ခွဲ၏ မူဝါဒများ၊ ဥပဒေများနှင့် ကိုက်ညီမှုရှိရမည်။ ထိုနည်းတူ ပြည်နယ်၊ ဖုံသတ်မှတ်မှုကျေးရွာ၏ အစီအစဉ်များနှင့်လည်း ကိုက်ညီရမည်။<br>• အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်အကာအကွယ်အာမခံစနစ်အသစ် အတိုင်း လိုက်နာဆောင်ရွက်စေရမည်။ |
| သက်သူများအနေဖြင့်<br>တမ်း တင်ခြင်းအားဖြင့် မြေယာလုပ်ပိုင်ခွင့် ဆိုင်ရာလုံခြုံမှုကို<br>် ဆောင်ခြင်းနှင့် ရပ်ရွာ ပိုင်နှင့် ပုဂ္ဂလိက ပိုင်ဆိုင် မှုများကို သေ<br>ကို ဆက်လက် လုပ်ဆောင်ပါ။<br>ရပ်ပြန်လိုသော ဌာနေစွန့်ခွာရွှေ့ပြောင်းသူများနှင့် ဒုက္ခသည်များ<br>ည်ဆိုင်ရာ ဥပဒေများအတိုင်း စီစဉ်ဆောင်ရွက်မှုများကို<br><br>ှု ဌာနများ အနေဖြင့် ခြုံငုံသုံးသပ်ခြင်း၊ လျော်ကြေးပေးခြင်း၊<br>ခြင်း တို့ကို ဆက်လက်လုပ်ဆောင်ပါ။ | • အရပ်ဖက်အဖွဲ့အစည်း၊ ထိခိုက်ခံရသည့် လူ့အဖွဲ့အစည်းများနှင့်ပေါင်း စပ်ပြီး စီစစ်မှုကင်းသော မီဒီယာစောင့်ကြည့်လေ့လာမှု ဖွဲ့စည်းကာ သဘာဝ အရင်းအမြစ်အခြေပြုစီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် အကာ အကွယ်စနစ် အားကောင်းစေရေးတို့တွင် ပြည်သူများ ပါဝင်လာရေးကို ဦးဆောင်ပံ့ပိုးပါ။<br>• ဆိုးကျိုးရှိသော ကိစ္စရပ်များကို စုံစမ်းစစ်ဆေးသည့် ကော်မရှင်များကို ဖွဲ့စည်းဆောင်ရွက်နိုင်သည့် ယန္တရားကို ပြင်ဆင်ပါ။<br>• ဖက်ဒရယ်ဖွဲ့စည်းပုံအသစ်တွင် အကာအကွယ်အာမခံစနစ်များကို ထည့်သွင်းပါ။ |
| ိုင်းရင်းသားအခြေပြု ဌာနများ၊ အဖွဲ့စည်းများအနေဖြင့်<br>ြည်နယ်အဆင့်တွင် လိုအပ်သော ဖွံ့ဖြိုးမှုများအတွက် အစီအစဉ်<br>်များကို ရရှိအောင် လုပ်ဆောင်ပါ။<br>ခွဲ၏ စီးပွားရေး/ဖွံ့ဖြိုးရေး အစီအစဉ်များပါသော သဘာဝအရင်း<br>အစဉ်များကို ပြည်သူများ ငြင်းခုံဆွေးနွေးမှုများပြုလုပ်ခြင်းဖြင့်<br>င်အထည်ဖော်ပါ။ | • ရေရှည်တည်တံ့သော စီးပွားရေး၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် အသက်မွေးဝမ်းကျောင်းမှု အတွက် အာမခံချက်နိုင်မာစေသည့် အားလုံးပူး ပေါင်းပါဝင်သော ဖြစ်စဉ်များဖြင့် မူဝါဒများကို သုတေသနပြုခြင်း၊ ပြန်လည် သုံးသပ်ခြင်းနှင့် တည့်မတ်ခြင်းတို့ကို လုပ်ဆောင်ပါ။<br>• နိုင်ငံ/ပြည်နယ်အဆင့် အစီအစဉ်များ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် စောင့်ကြည့်ကြပ်မတ်သည့် စနစ်များကို ချမှတ်ခြင်းတို့ကို လုပ်ဆောင်ပါ။ |
| အားဖြင့် အတည်ပြု<br>ပြည်နယ်၊ ပြည်နယ်<br>ဒများ၊ ဥပဒေများနှင့်<br>ဆွဲခြင်း<br><br>သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ဝင် ငွေဘဏ္ဍာများကို စီမံခန့်ခွဲနိုင်ရန် ကိုယ် စားပြုမှုနှင့် တာဝန်ခံမှုပြည့်ဝသော ပြည် နယ်/ပြည်နယ်ခွဲများတွင် ဌာနများ၊ အုပ် ချုပ်စီမံသည့် အစုအဖွဲ့များသတ်မှတ် ဖော်ထုတ်ခြင်း | • ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုပြည့်ဝသော ပြည်နယ်/ပြည်နယ်ခွဲများတွင် ဌာနများ၊ အုပ်ချုပ်စီမံသည့် အစုအဖွဲ့များသည် အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ထိန်းချုပ် ခြင်း၊ဝင်ငွေဘဏ္ဍာများကို အသုံးပြုခြင်း၊ အကာအကွယ်စနစ်များကို ခိုင်မာအား ကောင်းစေခြင်း<br>• အကြံပြုပေးနိုင်ရန်၊ ခွင့်ပြုပေးနိုင်ရန်၊ ထိခိုက်ခံရသော ဒေသခံများ၏ မကျေနပ်ချက် များကို လက်ခံဆောင်ရွက်ပေးနိုင်ရန် တရားဝင် ယန္တရားများဖော်ထုတ်သတ်မှတ်ခြင်း<br>• သဘာဝအရင်းအမြစ်ကဏ္ဍနှင့်ပတ်သက်သောဆုံးဖြတ်ချက်ချမှတ်မှုတွင်လည်း အမျိုးသမီးများ၏ ပါဝင်မှုကို တန်းတူစေခြင်း |
| ရပ်ဖက်လူမှုအဖွဲ့ အစည်း၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ - အမျိုး<br>ပြည်နယ်အဆင့် အကာအကွယ်အာမခံ စနစ်များကို ဖော်ထုတ်ခြင်း<br>ွင် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်<br>ခါင်းစဉ်များနှင့် ဆက်နွယ်သည့် အခြေခံစည်းမျဉ်းများနှင့် အနိမ့်<br>တ်ချက်များ<br>ားကို ဖြေရှင်းသည့် လုပ်ထုံးလုပ်နည်းများနှင့် ယန္တရားများ | ပြည်နယ်နှစ်ခု၊ ပြည်နယ်ခွဲ နှစ်ခု/နှစ်ခုထက်ပိုသော နယ်ခြားဖြတ်ကျော်တည် ရှိသောအရင်းအမြစ်များကို စီမံခန့်ခွဲမှုအတွက် ပြည်နယ်/ပြည်နယ်ခွဲအတွင်း ကော်မရှင်များ ဖွဲ့စည်းခြင်း |
| င်ရာ၊ဘဏ္ဍာငွေဆိုင်<br>ခွင့်အာဏာများကို<br>်ခွဲအစိုးရအဖွဲ့ထံသို့<br>ာ်ဖွဲ့စည်းပုံ အခြေခံ<br>ားနှင့် မူဝါဒများကို<br>ခြင်း<br><br>ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုပြည့်ဝ သော ဖက်ဒရယ်ဆန်ဆန် စီမံသည့်အစု အဖွဲ့များနှင့် ဌာနများကိုဖော်ထုတ်ဖွဲ့ စည်းခြင်း | ဖက်ဒရယ်စနစ်အရ စီမံသည့် အစုအဖွဲ့များနှင့် ဌာနများအနေဖြင့်<br>• နိုင်ငံအဆင့် စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် သေချာစေသည့် ပြည်နယ်နှင့် ပြည်နယ်တစ်ခုနှင့် တစ်ခုတွင်းရှိ အရင်းအမြစ်စီမံခန့်ခွဲမှုကို စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ကွပ်ကဲထိန်းကျောင်းခြင်း<br>• နိုင်ငံအဆင့် သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံချက်များ ဖော်ထုတ်သတ်မှတ်ပြီး ကဏ္ဍတစ်ခုစီ အတွက် အမြင့်ဆုံးသတ်မှတ်ချက်များကို သတ်မှတ်ထားခြင်း<br>• တန်းတူခံစားခွင့် ဝင်ငွေများ<br>• အဆင့်တိုင်းတွင်ရှိသော သင့်လျော်ကိုက်ညီသည့် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်း၍ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို စီမံကွပ်ကဲခြင်း၊ ပြည်နယ်(သို့) ပြည်နယ်ခွဲအဆင့်တွင် သက်ဆိုင် သူများနှင့် ညှိနှိုင်းခြင်း<br>• နိုင်ငံတကာ ပဋိညာဉ်သဘောတူညီချက်များနှင့် ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိစေရန် သေချာ အောင် လုပ်ဆောင်ခြင်း တို့ကို လုပ်ဆောင်ရမည်။ |

# ပြောင်းလဲမှုကို ပြည်သူများက တောင်းဆိုကြသည်

## ကြားကာလ - ငြိမ်းချမ်းရေး လက်မှတ်မထိုးနိုင်မီ အမြန်လုပ်သင့်သည့် လုပ်ငန်းများ



### ဒေသခံတို့ အာဏာပိုရရေး

အရင်းအမြစ်များကို ထုတ်ယူသည့်စီမံကိန်းကြီးများက နိုင်ငံတစ်ဝှမ်း ဆက်လက်လုပ်ဆောင်နေသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူတွေ၏ ရှင်သန်မှုကို ထိခိုက်ပျက်စီးစေသောကြောင့် ဒေသခံများက သဘာဝအရင်းအမြစ် စီမံခန့်ခွဲပိုင်ခွင့် အာဏာပိုရရန်တောင်းဆိုကြသည်။ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများပူးပေါင်းပြီး ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်၊ ထိန်းချုပ်ခွင့်ကို ဖက်ဒရယ် ဥပဒေတွင် ဖေါ်ထုတ်ရန် တောင်းဆိုကြသည်။

ပြည်နယ်နှင့် ဒေသများက ရွေးကောက်ခံကိုယ်စားလှယ်များကလည်း ဒေသတွင်းစီမံကိန်းများ၏ အခြေခံသတင်း အချက်အလက်ကို မရနိုင်ကြသော်လည်း တောင်းဆိုမှုတွေပြုလုပ်လာကြသည်။ ညစ်ညမ်းစေသော သတ္တုတွင်းများ၊ ဖျက်ဆီးတတ်သောရေကာတာများကို ဆန့်ကျင်ကာ ပြည်သူများက စုဝေးပြီး ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ ဗဟိုအစိုးရနှင့် အရင်းအနှီး မြုပ်နှံသူတို့ အမြင်မဟုတ်ဘဲ သူတို့၏အမြင်များ၊ လိုအပ်ချက်များကို တင်ပြလာကြသည်။

### ဆိုင်းငံ့ခြင်း

ပထမ အားဖြင့် အဖွဲ့အစည်းတိုင်းအနေဖြင့် သဘာဝ အရင်းအမြစ် ထုတ်ယူသည့် စီမံကိန်းအသစ်၊ ပြုလုပ်ဆဲအားလုံးကို ချက်ချင်း ဆိုင်းငံ့ရန် လုပ်ဆောင်ရမည်။ ဖြစ်နိုင်သည့် စီမံကိန်းများကို ပြန်လည်သုံးသပ်ရမည်။

### မစွက်ဖက်ခြင်း

တချိန်တည်းမှာပင် ရပ်ရွာ ဓလေ့ထုံးစံအတိုင်းမြေယာ စနစ်ကို ရပ်သူရွာသားများကျင့်သုံးမှုကို ဗဟို အစိုးရမှ ဝင်ရောက် မစွက်ဖက်ရန်၊ တည်ဆဲ တိုင်းရင်းသားနယ်မြေနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု ပုံစံကို မစွက်ဖက်ရန်။

### ဖွံ့ဖြိုးရေး အမြင်

တိုင်းရင်းသားခေါင်းဆောင်များကလည်း လက်ရှိမြေငှါးစနစ်ကို ခိုင်မာစေရန် လုပ်ဆောင်သင့်သည်။ သဘာဝအရင်းအမြစ်များကို စီးပွါးရေး အမြင်၊ မူဝါဒ၊ အစီအမံ ဖွံ့ဖြိုးလာသည့် အလျှောက် အကာအကွယ်ပေးခြင်းယန္တရားကိုလည်း ခိုင်မာစေသင့်သည်။ ဤအချက်တို့ကို ငြိမ်းချမ်းရေးစာချုပ်အတွက် ဆွေးနွေးရာတွင် ပူးပေါင်းဆောင်ရွက်သင့်သည်။

**အစီအစဉ်များဆိုင်းငံ့သုံးသပ်ရန်**

အခွင့်အရေးနှင့်လုပ်ပိုင်ခွင့်များကို ကာကွယ်ရန်၊ အရင်းအမြစ်များကိုထိန်းသိမ်းရန်နှင့် ပဋိပက္ခအရှိန်မြင့်မားမှုကို တားဆီးရန်

# အပြည့်အဝခွဲဝေ အုပ်ချုပ်ရန်

ကြားကာလ - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရထံ လုပ်ငန်းနှင့် အာဏာများ လွှဲပြောင်းခြင်း

## ဥပဒေအရအာမခံချက်များ

သဘာဝအရင်းအမြစ်များနှင့် ဘဏ္ဍာငွေများအား စီမံခန့်ခွဲခွင့် အာဏာကို ဥပဒေအရ ပြည်နယ်နှင့် ဒေသအစိုးရသို့ ခွဲဝေပေးခြင်းသည် အနိမ့်ဆုံး အောက်ခြေအဆင့် အစိုးရများအတွက် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးအာဏာ ရလာစေလိမ့်မည်။

## အနိမ့်ဆုံးစံ အဆင့်အတန်း

ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ထိုးသည်နှင့် နိုင်ငံရေးနှင့် ဆိုင်သော၊ လူမှုအဖွဲ့အစည်းနှင့် လူထုအခြေပြု အုပ်စုတို့သည် နိုင်ငံနှင့် တဆင့်နိမ့် ပြည်နယ်ရှိ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်း ကျင် စောင့်ရှောက်ရေး အပါအဝင် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရေးအတွက် အနိမ့်ဆုံး စံ ပေါ်ထွက်ရန် လိုအပ်သည်။

## တရားဝင်မှုဘောင်အသစ်များနှင့် အဖွဲ့အစည်းများ

ဤအရာများက ဖက်ဒရယ်၊ ပြည်နယ်၊ ဒေသအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြုခြင်း၊ ဥပဒေပြဌာန်းခြင်းနှင့် ပေါ်လစီမူကြမ်းရေးပြီး ဆက်စပ်လုပ်ခြင်းတို့ကို လုပ်လာနိုင်ပါသည်။ ကိုယ်စားလှယ်များနှင့် တာဝန်ခံနိုင်သည့် အဖွဲ့အစည်းများပေါ်ထွက်လာကာ ပြည်နယ်နှင့် ဒေသအဆင့်များပြည်နယ်တွင် သဘာဝအရင်းအမြစ်များနှင့် ဘဏ္ဍာငွေကို စီမံခန့်ခွဲ လာနိုင်ပေလိမ့်မည်။ လက်ရှိတည်ရှိနေသော စံနစ်များမှာ -



ခလေ့ထုံးတမ်းနှင့် ရပ်ရွာ၏ စီမံခန့်ခွဲမှု လုပ်ထုံးတို့သည် အများပြည်သူများကိုအစဉ်အလာနှင့် ကျင့်သုံးနည်းစံနစ်သစ် တို့တွင်ပါဝင်စေလျှက် အလွယ်တကူ ဖေါ်ဆောင်သည်၊ ကျင့်သုံးမည့် စည်းကမ်းများကိုလည်း အမြဲ မပြတ် သစ်လွင်စေသည်။ သစ်တောထိန်းသိမ်းနယ်မြေများ သတ်မှတ်ခြင်း၊ ရေဝေရေလဲကိုထိန်းသိမ်းခြင်း၊ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရန် သုံးစွဲခြင်းနှင့် အမဲလိုက်ခြင်း တို့ကို စနစ်သတ်မှတ်ခြင်း၊ လူထုဝန်ထမ်းများအတွက် ဝင်ငွေ ရစေခြင်းတို့ကို လုပ်ဆောင်ပေးသည်။



မူဝါဒများနှင့်စီမံခန့်ခွဲမှုများ တည်ရှိဆဲ ခလေ့ထုံးတမ်းနှင့် ရပ်ရွာ စီမံခွဲမှုကို အသိအမှတ်ပြုကာ တိုင်းရင်းသားတို့၏ အမည်မပေါက်သော အစိုးရများက မူဝါဒနှင့် အုပ်ချုပ်ရေးတို့တွင် လိုက်လျောညီစွာ စပ်ဟပ် အကောင်အထည်ဖေါ်သည်။ ဤအချက်က မြေယာစီမံခန့်ခွဲရေး ထုံးစံအရ ပုဂ္ဂလိက မြေယာနှင့် သစ်တောပိုင်ခွင့်၊ ရပ်ရွာက သဘာဝအရင်းအမြစ်များအားပိုင်ခွင့်ကို ထုတ်ပေးသည်။ တိုက်ပွဲဒေသမှ အိမ်ယာစွန့်ပြေးရသူများ၏ ရှုပ်ထွေးသော ပြဿနာများကိုလည်း ဖြေရှင်းရန်အထောက်အကူပြုသည်။ အထူးသဖြင့် အမျိုးသမီးများ မြေယာပိုင်ဆိုင်ခွင့်ကို ကိုင်တွယ်သည်။

**မူဘောင်များ ဖွဲ့စည်းချမှတ်ရန်**

ကိုယ်စားပြုမှု၊ တာဝန်ယူတာဝန်ခံမှုနှင့် ထိရောက်မှုကို မြင့်တက်စေရန်

# ရေရှည်ခံမည့် အဖြေ

## အပြည့်အဝခွဲဝေမှုရှိသော ဖက်ဒရယ် အုပ်ချုပ်မှုကို အကောင်အထည်ဖေါ်ခြင်း



### ဒေသမှ အစပြုပါ - အရင်းအနှီး မြုပ်နှံမှုကို စီမံကွပ်ကဲပါ

ဖက်ဒရာယ်၊ ပြည်နယ်၊ ဒေသ နှင့် ဌါန များက မြေ၊ သဘာဝအရင်းအမြစ် တို့ကို ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသ ဖွဲ့စည်းပုံဥပဒေ၊ ဥပဒေပြုရေး၊ စီးပွါး ရေးဖွံ့ဖြိုးရန် မူဝါဒ၊ တို့နှင့်အညီ သဘာဝအရင်းအမြစ်တို့ကို ခွဲဝေ စီမံကွပ်ကဲနိုင်သည်နှင့် အကြီးစား အရင်းအနှီးမြုပ်နှံမှုကို စတင်လုပ် ဆောင်နိုင်ပါသည်။

### တာဝန်ခံမှုနှင့်ကိုယ်စားပြုမှုရှိသော  သဘာဝအရင်းအမြစ်စီမံအုပ်ချုပ်မှု

ဖက်ဒရာယ် ပုံစံသစ်အောက်တွင် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရန်အတွက် အစိုးရအဆင့်ဆင့် အားလုံး၊ လူထုအခြေပြုအဖွဲ့အစည်း၊ လွတ်လပ်သောပါတီများ လူထုများ ပါဝင်စေကာ စီမံခန့်ခွဲမှုနှင့် အရင်းအနှီးမြုပ်နှံမှုများကို ကြီးကြပ်ကွပ်ကဲ လိမ့်မည်။

ဆုံးဖြတ်ချက်ချရန် ဖြန့်ကျက်ဆွေးနွေးခြင်းသည် တိုင်းရင်းသားပြည်နယ်များအတွက်သာ ကောင်းကျိုးပြု သည်မဟုတ် နေရာတိုင်း၏ ကိုယ်စားပြုမှုနှင့် အစိုးရအဆင့်ဆင့်တို့ကို ပိုမိုခိုင်မာသည့် တာဝန်ယူမှုကို ဖြစ်ပေါ်စေသည်။ ဒေသခံတို့၏အကြံဉာဏ်နှင့် ထိန်းကျောင်းမှု၊ ဒေသခံလူထုအတွက် အကျိုးကျေးဇူးများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့ကိုလည်း ဖြစ်ပေါ်စေသည်။

### ရေရှည်တည်တန့်သည့် ငြိမ်းချမ်းရေး တည်ဆောက်ပါ

ဖြန့်ကျက် စီမံခန့်ခွဲခြင်းသည် သဘာဝအရင်းအမြစ်များ သုံးစွဲရာတွင် ဖြစ်ပေါ်သည့် လူမှုရေးတင်းမာမှု ပဋိပက္ခများကိုလည်း လျှော့ချပေးသည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အဓိက သော့ချက်ဖြစ်သည်။ သဘာဝအရင်းအမြစ်ကို ခန့်ခွဲရာတွင် ချုပ်ကိုင်မှု လျှော့ချထားသည် ဖက်ဒရယ် အစိုးရသည် နှစ်ပေါင်း ၇၀ နီးပါးရှည်ကြာသည့် ပြည်တွင်းစစ်ကို ဖြေရှင်းရာတွင် အထောက် အကူပြုသည်သာမက ယနေ့နှင့် မနက်ဖန်အတွက် ထိရောက်သည့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲ ရေးစနစ်ကိုလည်း ဖန်တီးပေးသည်။

ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ခိုင်မာရေး၊ ယနေ့နှင့် မနက်ဖန်အတွက်
သဘာဝအရင်း အမြစ်  ကြွယ်ဝရေး။

သဘာဝ
အရင်းအမြစ်နှင့်
ဖက်ဒရယ်
စနစ်

BEWG
Burma Environmental Working Group
မြန်မာ့သဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့
အစီရင်ခံစာနှင့်အကြံပြုချက်အပြည့်အစုံကို www.bewg.org တွင် ရယူရန်
info@bewg.org

၂၀၁၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်